

# JCDecaux ၏ Supplier ကုမ္ပဏီများ အတွက် ကျင့်ဝတ်စည်းမျဉ်း

2022 ခုနှစ် ထုတ်ဝေမှု

JCDecaux

# Supplier ကုမ္ပဏီများနှင့် ဆက်ဆံရေး



# အနှစ်ချုပ်

I JCDecaux ၏ Supplier ကုမ္ပဏီများအတွက် ကျင့်ဝတ်စည်းမျဉ်း

I JCDecaux

- JCDecaux ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် လိုက်နာရမည့် အခြေခံမှုများ
- JCDecaux ၏ Supplier ကုမ္ပဏီများနှင့် ဆက်ဆံရာတွင် လိုက်နာရမည့် အခြေခံမှုများ

II ကျွန်ုပ်တို့ Supplier ကုမ္ပဏီများ၏ ကတိပြုချက်များ

- ကျင့်ဝတ်
- လူမှုရေး
- ကျန်းမာရေး၊ ဘေးကင်းရေးနှင့် သန့်ရှင်းရေး
- ဂေဟစနစ် ပြောင်းလဲမှု
- သဘာဝပတ်ဝန်းကျင်

IV ကျင့်သုံးဆောင်ရွက်ခြင်း၊ ဖြန့်ချိခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

- ကျင့်သုံးဆောင်ရွက်ခြင်းနှင့် ဖြန့်ချိခြင်း လုပ်ငန်းစဉ်များ
- စိစစ်အတည်ပြုခြင်းနှင့် အကဲဖြတ်ခြင်း



# I JCDecaux ၏ Supplier ကုမ္ပဏီများ အတွက် ကျင့်ဝတ်စည်းမျဉ်း

JCDecaux ၏ Supplier ကုမ္ပဏီများအတွက် ကျင့်ဝတ်စည်းမျဉ်းတွင် JCDecaux နှင့် တွဲဖက်လုပ်ကိုင်နေသော Supplier ကုမ္ပဏီအားလုံးအနေဖြင့် ၎င်းတို့၏ ကမ္ဘာတစ်ဝှမ်းရှိ လုပ်ငန်းဆောင်ရွက်ချက်များတွင် လိုက်နာရမည့် အခြေခံမူများကို သတ်မှတ်ဖော်ပြထားသည်။ ၎င်းသည် JCDecaux ကုမ္ပဏီအုပ်စု၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသို့ ချဉ်းကပ်သည့်နည်းလမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အသိအမှတ်ပြုထားသော နိုင်ငံတကာ စံနှုန်းများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း (OECD) ၏ လမ်းညွှန်မှုများ၊ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာချက် (UNO) နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း (ILO) ၏ အခြေခံသဘောတူညီချက် ရှစ်ချက်တို့အပေါ် အခြေခံ၍ ဤ SUPPLIER ကုမ္ပဏီများအတွက် ကျင့်ဝတ်စည်းမျဉ်းတွင် JCDecaux ၏ ကျင့်ဝတ်၊ လူ့အခွင့်အရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်တွင် ဘေးကင်းရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ မျှော်မှန်းချက်များကို ထင်ဟပ်စေသည်။

JCDecaux ၏ SUPPLIER ကုမ္ပဏီများအတွက် ကျင့်ဝတ်စည်းမျဉ်း (“ကျင့်ဝတ်စည်းမျဉ်း”) ကို လက်မှတ်ထိုးလိုက်ခြင်းဖြင့် SUPPLIER ကုမ္ပဏီသည် ဤကျင့်ဝတ်စည်းမျဉ်း၏ စည်းကမ်းချက်များကို သံသယကင်းစွာ လက်ခံသဘောတူပြီး ယင်းတွင် သတ်မှတ်ထားသည့် အခြေခံမူများကို တစ်သဝေမတိမ်း လိုက်နာရန် ကုမ္ပဏီအုပ်စုအား ကတိပြုရာရောက်ပါသည်။

JCDecaux ကုမ္ပဏီအုပ်စု၏ အထွေထွေ ဝယ်ယူမှု စည်းကမ်းသတ်မှတ်ချက်များတွင် ဤကျင့်ဝတ်စည်းမျဉ်းကို ထည့်သွင်းထားသည်။ လက်မှတ်ထိုးပြီးသည်နှင့် ကျင့်ဝတ်စည်းမျဉ်းသည် JCDecaux ကုမ္ပဏီနှင့် သက်ဆိုင်ရာ SUPPLIER ကုမ္ပဏီအကြား လက်မှတ်ထိုးထားသော စာချုပ်ပါ ဝယ်ယူမှု စာရွက်စာတမ်းများမှ ခွဲထုတ်၍မရသော အစိတ်အပိုင်းဖြစ်သွားသည်။

ဒေသဆိုင်ရာ ဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ခုက ကျင့်ဝတ်စည်းမျဉ်းထက် ပိုမိုကာကွယ်ပေးထားသည့်ဖြစ်စဉ်တွင် SUPPLIER ကုမ္ပဏီများသည် ယင်းဒေသဆိုင်ရာ ဥပဒေ သို့မဟုတ် စည်းမျဉ်းကို လိုက်နာရမည်ဖြစ်သည်။



# I | JCDecaux

## JCDECAUX ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် လိုက်နာရမည့် အခြေခံမှုများ

### အရည်အသွေး

ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များ၏ တိုးတက်မှုအတွက် အသေးစိတ်တိကျမှုနှင့် စဉ်ဆက်မပြတ် စူးစမ်းလေ့လာမှုတို့သည် JCDecaux အား ခိုင်ခံ့၍ အများအသိအမှတ်ပြုသော ပုံရိပ်တစ်ခုကို ဖန်တီးနိုင်စေပြီး JCDecaux အတွင်း စိတ်လှုပ်ရှားဖွယ်ကောင်း၍ စည်းလုံးညီညွတ်သော ပူးပေါင်းဆောင်ရွက်မှု အလေ့အထကို အကောင်အထည်ဖော်နိုင်စေသည်။

### ကျွန်ုပ်တို့၏ ကတိပြုချက်များကို စောင့်ထိန်းခြင်း

JCDecaux သည် ၎င်း၏ ကတိပြုချက်များကို စောင့်ထိန်းသည်ဟူသော အချက်ကြောင့် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးများတွင် ယုံကြည်မှု တိုးပွားလာခြင်းဖြစ်သည်။

### ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသည် JCDecaux ၏ အချက်အချာကျသော စီးပွားရေးပုံစံဖြစ်ပြီး JCDecaux သည် လမ်းသုံးပရိဘောဂ ပစ္စည်းအမျိုးမျိုးတွင် သုံးစွဲသူများအတွက် ဝန်ဆောင်မှု၊ လုပတင့်တယ်မှု၊ အရည်အသွေး၊ လုပ်ဆောင်နိုင်စွမ်းနှင့် ကြော်ငြာရှင်များအတွက် ကြော်ငြာအား ထိရောက်မှုတို့ကို ပေါင်းစည်း၍ ဒီဇိုင်းတီထွင်ဖန်တီးထားသည်။ JCDecaux ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကတိပြုချက်သည် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များနှင့် ဆက်နွယ်ပတ်သက်နေပြီး 2008 ခုနှစ်မှစ၍ ၎င်းသည် မျှော်မှန်းတောင်းဆိုထားသော JCDecaux ကုမ္ပဏီအုပ်စု မူဝါဒ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့သည်။

### ကျင့်ဝတ်

JCDecaux ၏ ကျင့်ဝတ်ဆိုင်ရာ အခြေခံစည်းမျဉ်းများကို JCDecaux ကုမ္ပဏီအုပ်စု၏ ကျင့်ဝတ်စည်းမျဉ်းတွင် အကျဉ်းချုပ်ဖော်ပြထားပြီး ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။

### ကာဗွန် လျှော့ပါးစေရေး/ဂေဟစနစ် ပြောင်းလဲမှု

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကစ၍ JCDecaux သည် ဂေဟစနစ် ပြောင်းလဲမှုအပေါ် ဦးစားပေး၍ အားထုတ်ကြိုးပမ်းခဲ့သည်။ ရာသီဥတုပြောင်းလဲမှု အရေးပေါ်အခြေအနေကို ကိုယ်တွင်းဖြေရှင်းရန် ကြိုးပမ်းရာတွင် ကုမ္ပဏီအုပ်စုသည် အောက်ပါတို့ကို ဆောင်ရွက်ရန် ကတိပြုချက်ကို ထပ်မံပြောကြားခဲ့သည်-

2050 တွင် ကာဗွန်လျှော့ပါးစေရေးအတွက် သက်ဆိုင်ရာ စက်ယန္တရားများကို အနည်းအကျဉ်းသာ အသုံးပြုခြင်းဖြင့် ၎င်း၏ လုပ်ဆောင်ချက်များတွင် $CO_2$ ထုတ်လွှင့်မှုကို လျှော့ချရန်။

# JCDECAUX ၏ Supplier ကုမ္ပဏီများနှင့် ဆက်ဆံရာတွင် လိုက်နာရမည့် အခြေခံမူများ

## စည်းမျဉ်းများကို လေးစားလိုက်နာမှု

JCDecaux သည် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ၎င်း၏ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## မျှတသော ယှဉ်ပြိုင်မှု

JCDecaux သည် တင်ဒါခေါ်ခြင်း သို့မဟုတ် လေလံဆွဲခြင်းများကို မည်သူမဆို လွတ်လပ်စွာ တင်စေခြင်း၊ လျှောက်ထားသူများကို တန်းတူညီမျှ ဆက်ဆံခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ဆောင်ရွက်ပြီးစီးထားသော လုပ်ငန်းစဉ်များကို နောက်ကြောင်းပြန်လိုက်နိုင်ခြင်းတို့တွင် ၎င်း၏ Supplier ကုမ္ပဏီများအကြား ယှဉ်ပြိုင်မှုကို ပွင့်လင်းပြီး လွတ်လပ်မျှတမှုရှိစေရန် သေချာလုပ်ဆောင်ပါသည်။

## ကိုယ်ရေးဒေတာများကို ကာကွယ်ခြင်း

JCDecaux နှင့် ၎င်း၏ Supplier ကုမ္ပဏီများအကြား ချုပ်ဆိုထားသည့် စာချုပ်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် ဘောင်အတွင်းမှနေ၍ JCDecaux သည် Supplier ကုမ္ပဏီများ နှင့်/သို့မဟုတ် ၎င်းတို့၏ ဝန်ထမ်းများ၊ မန်နေဂျာများနှင့် စပ်လျဉ်းသည့် ကိုယ်ရေးဒေတာများကို စုစည်းရယူ၍ စီမံဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ JCDecaux သည် စီးပွားရေးဆောင်ရွက်ချက်များကို စီမံခန့်ခွဲရန်နှင့် ပို၍ အတိအကျဆိုရလျှင် Supplier ကုမ္ပဏီများကို စီမံခန့်ခွဲရန် ရည်ရွယ်၍ ကိုယ်ရေးဒေတာများ စီမံဆောင်ရွက်မှုကို စတင်လုပ်ဆောင်သည်။ ထိုသို့ စီမံဆောင်ရွက်ရာတွင် Supplier ကုမ္ပဏီများ ရွေးချယ်ခြင်းနှင့် စာချုပ်စာတမ်းများ၊ အော်ဒါများ၊ ကုန်ပစ္စည်းပို့ဆောင်ခြင်း၊ ငွေတောင်းခံလွှာများနှင့် စာရင်းအင်းများ စီမံခန့်ခွဲခြင်းအပြင် စာချုပ်စာတမ်း ဆက်ဆံရေးနှင့် အခြားအလားတူ ရည်ရွယ်ချက်များကို ဆက်လက်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

JCDecaux သည် ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ စီမံဆောင်ရွက်ထားသော ကိုယ်ရေးဒေတာများကို သေချာ ကာကွယ်ပေးပါသည်။ အထူးသဖြင့် စီမံဆောင်ရွက်မှုသည် EU အတွင်းရှိ JCDecaux ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်စပ်နေသည့်အခါ အထွေထွေ ဒေတာကာကွယ်ရေး စည်းမျဉ်း (2016 ခုနှစ်၊ ဧပြီလ 27 ရက်ထုတ် GDPR – European Union (EU)) 2016/679) ကို ကျင့်သုံးပါသည်။

Supplier ကုမ္ပဏီများ၏ ကိုယ်ရေးဒေတာများကို JCDecaux ၏ စီမံဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ထပ်ဆောင်းအချက်အလက်များ သိရှိရန် ၎င်းတို့နှင့် စာချုပ်စာတမ်း ဆက်ဆံရေးရှိသည့် JCDecaux အဖွဲ့အစည်းထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ Supplier ကုမ္ပဏီများအနေဖြင့် အဆိုပါ ကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးထားသော သက်ဆိုင်ရာ အဖွဲ့အစည်း၏ ဝက်ဘ်ဆိုဒ်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတွင်း အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ခြင်း

JCDecaux သည် ဆုံးဖြတ်ချက်ချရာတွင် လွတ်လပ်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ဘက်မလိုက်မှုတို့ကို ထိခိုက်နိုင်ဖွယ်ရှိသည့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ လျော်ကြေးငွေပေးခြင်း၊ ဝန်ဆောင်မှုနှင့် ငွေကြေး အကျိုးခံစားခွင့်များကို ငြင်းပယ်ရန် ကတိပြုပါသည်။



# II ကျွန်ုပ်တို့ Supplier ကုမ္ပဏီများ၏ ကတိပြုချက်များ

## ကျင့်ဝတ်

JCDecaux သည် ၎င်း၏ Supplier ကုမ္ပဏီများနှင့် စွမ်းဆောင်ရည်မြင့်မား၍ ရေရှည်တည်တံ့သော ဆက်ဆံရေးကို အကောင်အထည်ဖော်ရန်အတွက် အောက်တွင်ဖော်ပြထားသည့် ကျင့်ဝတ်ဆိုင်ရာ အခြေခံမှုများကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

**ပါမစ်များနှင့် ခွင့်ပြုချက်များ–** Supplier ကုမ္ပဏီများသည် ၎င်းတို့၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သော အတည်ပြုချက်နှင့် ခွင့်ပြုချက်များ၏ တရားဝင်မှုကို အာမခံရမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို JCDecaux အား ပေးရမည်ဖြစ်သည်။

**လုပ်ငန်း၏ ဂုဏ်သိက္ခာရှိမှု / အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး–** Supplier ကုမ္ပဏီများသည် အကျိုးအမြတ်ရရှိရန် သို့မဟုတ် အခွင့်အရေးပိုရရန် ရည်ရွယ်၍ အကျိုးခံစားခွင့်များ သို့မဟုတ် ငွေသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကမ်းလှမ်းခြင်း သို့မဟုတ် တောင်းခံခြင်းတို့ကို ရှောင်ကြဉ်ရမည်။ JCDecaux ၏ ဝန်ထမ်းများ လက်ခံနိုင်သော လက်ဆောင်များ (ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု) ပမာဏကို €70 အထိ ကန့်သတ်ထားပြီး ဤကန့်သတ်ချက်အတွင်း ကမ်းလှမ်းထားသော လက်ဆောင်မှန်သမျှကို သက်ဆိုင်ရာဝန်ထမ်း၏ နေအိမ်သို့ မဟုတ်ဘဲ ၎င်း၏ လုပ်ငန်းခွင်သို့ လိပ်မူပေးပို့ရမည်။

**အကျိုးစီးပွား ပဋိပက္ခဖြစ်ပေါ်မှုကို တားဆီးကာကွယ်ခြင်း–** ဆက်ဆံရေးကို မည်သည့်နည်းဖြင့်မဆို ကြားဝင်နှောင့်ယှက်နိုင်သည့် Supplier ကုမ္ပဏီများနှင့် JCDecaux ၏ ဝန်ထမ်းတစ်ဦးတို့ကြား ဆက်စပ်နေသော ပုဂ္ဂိုလ်ရေး အချက်အလက်၊ ငွေကြေးအချက်အလက်နှင့် အခြားအကျိုးစီးပွားများကို ထုတ်ဖော်ပြောဆိုရမည်။ သို့မဟုတ်ပါက အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေနိုင်သည်။

**ပွင့်လင်းမြင်သာမှု–** Supplier ကုမ္ပဏီများသည် JCDecaux နှင့် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး ၎င်းတို့လုပ်ငန်း၏ စီးပွားရေးနှင့် ငွေကြေးအခြေအနေဆိုင်ရာ အချက်အလက်များကို ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုကဏ္ဍရှိ ပုံမှန်ကျင့်သုံးဆောင်ရွက်ချက်များ၊ စည်းမျဉ်းများနှင့်အညီ ရိုးသားစွာဖြင့် JCDecaux အား ပံ့ပိုးပေးရမည်။

**မျှတသော ယှဉ်ပြိုင်မှု–** Supplier ကုမ္ပဏီများသည် လွတ်လပ်မျှတစွာ ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး ရိုင်းစိုင်းသော သို့မဟုတ် ဥပဒေနှင့်မညီသော အပြုအမူ၊ ယှဉ်ပြိုင်မှုတွင် ကန့်သတ်ထားသော သို့မဟုတ် ယှဉ်ပြိုင်မှုကို ဖျက်လိုဖျက်ဆီးလုပ်သော အလွဲသုံးစားပြုမှုများနှင့် ဆောင်ရွက်ချက်များ– သဘောတူညီချက်၊ လုပ်ပိုင်ခွင့်ရာထူးကို အလွဲသုံးစားလုပ်ခြင်း၊ သုံးစွဲသူ သို့မဟုတ် Supplier ကုမ္ပဏီ၏ စီးပွားရေးမှီခိုမှု အခြေအနေကို အလွဲသုံးစားလုပ် အမြတ်ထုတ်ခြင်းတို့ မပြုရပါ။

**ဉာဏပစ္စည်း ပိုင်ဆိုင်မှု–** Supplier ကုမ္ပဏီများသည် JCDecaux ၏ တီထွင်မှုများ၊ ဖန်တီးမှုများ၊ အယူအဆများ၊ လုပ်ငန်းလျှို့ဝှက်ချက်များ၊ တီထွင်မှု မူပိုင်ခွင့်များ၊ မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များနှင့် အခြား ဉာဏပစ္စည်း မူပိုင်ခွင့်များကို လေးစား၍ သက်ဆိုင်ရာ JCDecaux ကုမ္ပဏီ၏ ကြိုတင်ရေးသားထားသော သဘောတူညီချက်မရှိဘဲ JCDecaux ၏ လမ်းသုံးပရိဘောဂ ရုပ်ပုံများ နှင့်/သို့မဟုတ် ကုန်အမှတ်တံဆိပ်များကို မည်သည့်နည်းလမ်းဖြင့်မဆို မူပွားခြင်း မပြုခြင်းဖြင့် JCDecaux ၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များကို လေးစားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

လျှို့ဝှက်ထားရှိမှု– Supplier ကုမ္ပဏီများသည် ၎င်းတို့ ဝင်ရောက်သုံးစွဲခွင့် ရရှိထားသော ကိုယ်ရေးအချက်အလက်များနှင့် JCDecaux ၏ လျှို့ဝှက်ချက် သို့မဟုတ် ပိုင်ဆိုင်မှု အချက်အလက်များကို သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်နယ်မြေရှိ ဥပဒေများ၊ စည်းမျဉ်းများအပြင် သက်ဆိုင်ရာ လျှို့ဝှက်ထားရှိမှု သဘောတူညီချက်များနှင့်အညီ ကာကွယ်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

သတိပေးချက်နှင့် လက်တုံ့ပြန်ခြင်း– Supplier ကုမ္ပဏီများသည် ဤကျင့်ဝတ်စည်းမျဉ်းတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများအား ချိုးဖောက်မှုမှန်သမျှကို JCDecaux ထံ တိုင်ကြားရန်နှင့် ၎င်းတို့၏ ဝန်ထမ်းများအားလည်း လက်တုံ့ပြန်ခြင်းကို မကြောက်ရွံ့ဘဲ စိုးရိမ်ဖွယ်ကိစ္စရပ်များကို တင်ပြရန် သို့မဟုတ် တွေ့ရှိထားသော ဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းချိုးဖောက်မှုများကို တိုင်ကြားရန် သို့မဟုတ် ပြစ်ဒဏ်ပေးရန် တိုက်တွန်းမည်ဖြစ်ကြောင်း ကတိပြုပါသည်။

ကိုယ်ရေးဒေတာများကို ကာကွယ်ခြင်း– Supplier ကုမ္ပဏီများသည် JCDecaux နှင့် ၎င်းတို့အကြား ချုပ်ဆိုထားသည့် စာချုပ်(များ)အတိုင်း ဆောင်ရွက်ရမည့် ဘောင်အတွင်း စီးပွားရေးဆောင်ရွက်ချက်များကို စီမံခန့်ခွဲရန်နှင့် သုံးစွဲသူနှင့် ဆက်ဆံရေးကို ပိုမိုတိကျစွာ စီမံခန့်ခွဲရန် ရည်ရွယ်၍ JCDecaux ဝန်ထမ်းများ၊ မန်နေဂျာများနှင့် စပ်လျဉ်းသည့် ကိုယ်ရေးဒေတာများကို စုစည်းရယူ၍ စီမံဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ပြင် အချို့အခြေအနေများတွင် Supplier ကုမ္ပဏီများသည် အခြားရည်ရွယ်ချက်များအတွက် ၎င်းတို့၏ကိုယ်စား သို့မဟုတ် JCDecaux ၏ ကိုယ်စား ကိုယ်ရေးဒေတာများကို စီမံဆောင်ရွက်ရန် လိုအပ်နိုင်သည်။

Supplier ကုမ္ပဏီများသည် JCDecaux နှင့် ၎င်းတို့အကြား ချုပ်ဆိုထားသည့် စာချုပ်(များ)အရ ဆောင်ရွက်ရမည့် ဘောင်အတွင်း စီမံဆောင်ရွက်သော ကိုယ်ရေးဒေတာအားလုံးကို ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ကာကွယ်ရန် သေချာလုပ်ဆောင်မည်ဖြစ်ကြောင်း ကတိပြုပါသည်။ အထူးသဖြင့် (က) EU ရှိ မည်သည့်နေရာတွင် စီမံဆောင်ရွက်သည်ဖြစ်စေ၊ ယင်းစီမံဆောင်ရွက်မှုသည် EU အတွင်းရှိ Supplier ကုမ္ပဏီ ဥပစာရှိ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်စပ်နေလျှင်၊ (ခ) EU အတွင်း Supplier ကုမ္ပဏီ၏ ဥပစာများမရှိပါက စီမံဆောင်ရွက်မှုသည် EU တွင် အခြေစိုက်နေထိုင်သူများနှင့် သက်ဆိုင်၍ ယင်းပုဂ္ဂိုလ်များထံ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးမှု သို့မဟုတ် EU အတွင်းရှိ ၎င်းတို့၏ ကျင့်သုံးဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာမှုနှင့် စပ်လျဉ်းနေလျှင် အထွေထွေဒေတာကာကွယ်ရေး စည်းမျဉ်း (2016 ခုနှစ်၊ ဧပြီလ 27 ရက်ထုတ် GDPR – European Union (EU)) 2016/679) သက်ရောက်ပါသည်။

ထို့ပြင် Supplier ကုမ္ပဏီများသည် ဤကိစ္စနှင့် ပတ်သက်၍ လိုအပ်မည့် ဒေတာစီမံဆောင်ရွက်မှု သဘောတူညီချက်များ (သို့မဟုတ် ဥပဒေပိုဒ်ခွဲများ) မှန်သမျှနှင့် အားလုံးကို လက်မှတ်ထိုးပြီး လိုအပ်သော ထပ်ဆောင်း စီမံဆောင်ရွက်ချက်မှန်သမျှနှင့် အားလုံးကို သဘောတူလက်ခံမည်ဖြစ်ကြောင်း ကတိပြုပါသည်။

IT လုံခြုံရေး– Supplier ကုမ္ပဏီများသည် ပြဋ္ဌာန်းထားသော လုံခြုံရေးစံနှုန်းများအပြင် လိုအပ်ပါက JCDecaux က ဆက်သွယ်ပြောဆိုထားသည့် လုံခြုံရေးသတ်မှတ်ချက်များနှင့် မူဝါဒများကို လိုက်နာသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

## လူမှုရေး

Supplier ကုမ္ပဏီများသည် အလုပ်အကိုင်နှင့် အလုပ်သမား ဆက်ဆံရေး ကဏ္ဍတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်သော ဒေသဆိုင်ရာ၊ နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

Supplier ကုမ္ပဏီများသည် အောက်ပါ နိုင်ငံတကာစံနှုန်းများကို အနည်းဆုံးလိုက်နာဆောင်ရွက်ရမည်–

အတင်းအကျပ်စေခိုင်းမှု တားမြစ်ချက် (ILO သဘောတူညီချက်များ နံပါတ် 29 နှင့် နံပါတ် 105)– Supplier ကုမ္ပဏီများသည် ဒဏ်ခတ်ပိတ်ဆို့မှုများ၊ ထိမ်ချန်ထားသော အထောက်အထား စာရွက်စာတမ်းများ၊ ဝန်ထမ်းများထံမှ လုံခြုံရေးအာမခံငွေ သို့မဟုတ် ကန့်သတ်ချုပ်ချယ်မှုများဖြင့် ခြိမ်းခြောက်ပြီး အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် မဖြစ်မနေ အဓမ္မ အလုပ်ခိုင်းခြင်းတို့ကို ရှောင်ကြဉ်ရမည်။

ကလေးလုပ်သား တားမြစ်ချက် (ILO သဘောတူညီချက် နံပါတ် 138)– Supplier ကုမ္ပဏီများသည် သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်နယ်မြေအတွင်းရှိ မဖြစ်မနေအတန်းပညာ သင်ကြားမှု ပြီးဆုံးသည့် အသက်အရွယ်ထက် ပိုငယ်ရွယ်သူများ သို့မဟုတ် မည်သည့်အခြေအနေတွင်မဆို အသက် 15 အောက် ကလေးငယ်များအား အလုပ်ခိုင်းစေခြင်းကို ရှောင်ကြဉ်ရမည်။

အဖွဲ့အစည်းတွင် လွတ်လပ်စွာ ပါဝင်ခွင့်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်ကြား ဆွေးနွေးညှိနှိုင်းခြင်း (ILO သဘောတူညီချက်များ နံပါတ် 87 နှင့် နံပါတ် 98)– Supplier ကုမ္ပဏီများသည် ၎င်းတို့အလုပ်သမားများ၏ အဖွဲ့အစည်းလွတ်လပ်ခွင့်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်ကြား ဆွေးနွေးညှိနှိုင်းခွင့်တို့ကို အသိအမှတ်ပြုလေးစားရမည်။

တန်းတူညီမျှ ဆက်ဆံမှု (ILO သဘောတူညီချက်များ နံပါတ် 100 နှင့် နံပါတ် 111)– Supplier ကုမ္ပဏီများသည် ၎င်းတို့၏ အလုပ်သမားအားလုံးအတွက် တန်းတူညီမျှ၍ ရိုးသားသော ဆက်ဆံမှု ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံသား၊ မွေးဖွားရာနိုင်ငံ သို့မဟုတ် လူမျိုး ဇစ်မြစ်၊ လိင်အမျိုးအစား၊ ကိုးကွယ်သည့်ဘာသာ၊ အသက်အရွယ်၊ မသန်မစွမ်းဖြစ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ နိုင်ငံရေးထင်မြင်ချက်တို့အပေါ် အခြေခံ၍ အလုပ်ခန့်အပ်မှု၊ သင်တန်းတက်ရောက်ခွင့်၊ ရာထူးတိုးခြင်း သို့မဟုတ် အလုပ်မှထုတ်ပယ်ခြင်းတို့တွင် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် အခြားခွဲခြားဆက်ဆံမှုပုံစံမှ မှန်သမျှကို ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်နယ်မြေရှိ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ တားမြစ်ပိတ်ပင်ရမည်ဖြစ်သည်။

လူသားဆန်သည့် ဆက်ဆံမှု– Supplier ကုမ္ပဏီများသည် ရိုက်နှက်၍ပြစ်ဒဏ်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း စသည့်ပုံစံမှန်သမျှကို တားမြစ်ပိတ်ပင်ရမည်။

အလုပ်ချိန်များ (ILO သဘောတူညီချက် နံပါတ် 30)– Supplier ကုမ္ပဏီများသည် အလုပ်ချိန် အရေအတွက်နှင့် အချိန်ပို စီမံခန့်ခွဲမှုအတွက် သတ်မှတ်ထားသော ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် ဒေသဆိုင်ရာစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။

ILO သဘောတူညီချက်များ နံပါတ် 14 နှင့် နံပါတ် 106 အရ၊ Supplier ကုမ္ပဏီများသည် ဝန်ထမ်းတစ်ဦးစီအတွက် တစ်ပတ်လျှင် အနည်းဆုံး နှစ်ဆယ့်လေးနာရီ နားချိန်ပေးရမည်။

လစာရှင်းပေးခြင်း– Supplier ကုမ္ပဏီများသည် နိုင်ငံတော် ဥပဒေများ သို့မဟုတ် ဒေသဆိုင်ရာ ဥပဒေများအရ ပုံသေသတ်မှတ်ထားသည့် အနည်းဆုံး တရားဝင်လုပ်အားခနှင့် ကိုက်ညီသော သို့မဟုတ် ယင်းထက်ကျော်လွန်သော လစာရှင်းပေးခြင်း မူဝါဒများကို သဘောတူလက်ခံရမည် သို့မဟုတ် တိကျသော ဥပဒေပြဋ္ဌာန်းမှု မရှိပါက တရားစီရင်ခွင့်နယ်မြေ တစ်ခုစီတွင် သတ်မှတ်ထားသည့်အတိုင်း ဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များကို အနည်းဆုံး ဖြည့်ဆည်းပေးနိုင်သည့် ပုံမှန်လုပ်အားခကို ပေးရမည်ဖြစ်သည်။

လစာပြည့်ခွင့်ရက်– ပြဋ္ဌာန်းထားသည့် ဒေသဆိုင်ရာ ဥပဒေများ သို့မဟုတ် နိုင်ငံတော်ဥပဒေများနှင့်အညီ Supplier ကုမ္ပဏီများသည် ၎င်းတို့၏ ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ချိန် တစ်နှစ်လျှင် အနည်းဆုံးလစာပြည့်ခွင့်ရက်များ ပေးရမည်ဖြစ်သည်။

- JCDecaux သည် ILO သဘောတူညီချက် နံပါတ် 132 ကို လိုက်နာဆောင်ရွက်သည့် Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

မီးဖွားခွင့်– Supplier ကုမ္ပဏီများသည် ပြဋ္ဌာန်းထားသည့် ဒေသဆိုင်ရာ ဥပဒေများ သို့မဟုတ် နိုင်ငံတော် ဥပဒေများနှင့်အညီ အနည်းဆုံး မီးဖွားခွင့်ရက်များ ပေးရမည်ဖြစ်ပြီး ခွင့်ယူထားသည့် ဝန်ထမ်း အလုပ်ပြန်ဝင်နိုင်စေရန် သို့မဟုတ် အလုပ်ဝင်ချိန်တွင် တူညီသော ရာထူးကို ထမ်းဆောင်နိုင်စေရန် အကောင်းဆုံးကြိုးစားပေးပါမည်။

- JCDecaux သည် ILO သဘောတူညီချက် နံပါတ် 103 ကို လိုက်နာဆောင်ရွက်သည့် Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

လူမှုဖူလုံရေး– Supplier ကုမ္ပဏီများသည် တရားစီရင်ခွင့်နယ်မြေ တစ်ခုစီတွင် သတ်မှတ်ထားသော မဖြစ်မနေဆောင်ရွက်ရမည့် လူမှုဖူလုံရေးစနစ်များကို ကူညီပံ့ပိုးပေးရမည်ဖြစ်သည်။

- JCDecaux သည် ILO သဘောတူညီချက် နံပါတ် 102 နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှုများ၊ မသန်မစွမ်းဖြစ်မှု အာမခံ သို့မဟုတ် အငြိမ်းစား အာမခံ အပါအဝင် ပုဂ္ဂလိက အာမခံအစီအစဉ် ထားရှိခြင်းဖြင့် နိုင်ငံတော် ကာကွယ်ရေး စနစ်များ၏ အားနည်းချက်များကို ကာကွယ်ရန် ကြိုးပမ်းသည့် Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

## ကျန်းမာရေး၊ ဘေးကင်းရေးနှင့် သန့်ရှင်းရေး

Supplier ကုမ္ပဏီများသည် အနည်းဆုံး ၎င်းတို့၏ တရားစီရင်ခွင့်နယ်မြေရှိ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး ILO သဘောတူညီချက် နံပါတ် 155 နှင့်အညီ စက်ရုံအလုပ်ရုံများ၊ ရုံးခန်းများ၊ ပြင်ပအဆောက်အအုံများတွင်ဖြစ်စေ ကုမ္ပဏီ ကန်တင်းနှင့် စားသောက်ဆိုင်ကဲ့သို့ လူနေ နေရာများတွင်ဖြစ်စေ၊ ဝန်ထမ်းများအတွက် ဘေးကင်းသန့်ရှင်းသော လုပ်ငန်းခွင်ဝန်းကျင်တစ်ခု ဖြစ်စေရန် လိုအပ်သောအစီအမံများ လုပ်ဆောင်ကာ လုပ်ငန်းတည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

လုပ်ငန်းခွင် ဘေးကင်းရေး– Supplier ကုမ္ပဏီများသည် အဆောက်အအုံများတွင် ပုံမှန်ကြည့်ရှုစစ်ဆေးရန် ကျွမ်းကျင်သူများ ထားရှိခြင်းဖြင့် အဆိုပါ အဆောက်အအုံများတွင် သတ်မှတ်ထားသည့် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘေးကင်းရေးစံနှုန်းများနှင့် ကိုက်ညီစေရန်၊ လုပ်ငန်းခွင်ရှိ စက်ယန္တရားများနှင့် ကိရိယာများ အန္တရာယ်ကင်းစေရန် သေချာလုပ်ဆောင်ရမည်ဖြစ်သည်။

- ဘေးကင်းရေး သင်တန်း– JCDecaux သည် ဝန်ထမ်းများအား စက်ယန္တရားများနှင့် ကိရိယာများ ကိုင်တွယ်ပုံကို လေ့ကျင့်သင်ကြားပေးထားပြီး အဆိုပါစက်ယန္တရားများ၊ ကိရိယာများနှင့် စပ်လျဉ်း၍ ဘေးကင်းရေး လုပ်ထုံးလုပ်နည်းများကို အသိပေးထားသော Supplier ကုမ္ပဏီများကို ဦးစားပေးမည်ဖြစ်သည်။
- အရေးပေါ် ကြိုတင်ပြင်ဆင်ထားမှု– JCDecaux သည် ကျန်းမာရေးနှင့် လုံခြုံရေး အန္တရာယ်များကို ခွဲခြားသိရှိပြီး အကဲဖြတ်သုံးသပ်ကာ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ ချမှတ်ထားပြီး အရေးပေါ် အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရန် ဝန်ထမ်းမျာအား ကြိုတင်ပြင်ဆင်ပေးထားသည့် Supplier ကုမ္ပဏီများကို ဦးစားပေးမည်ဖြစ်သည်။

**လုပ်ငန်းခွင်တွင် မတော်တဆဖြစ်ခြင်း–** Supplier ကုမ္ပဏီများသည် လုပ်ငန်းခွင်တွင် မတော်တဆဖြစ်မှုများနှင့် အလုပ်ကြောင့်ဖြစ်သော ရောဂါများကို တားဆီးရန်၊ ကုသဖြေရှင်းပေးရန်နှင့် စောင့်ကြည့်စစ်ဆေးရန် လုပ်ငန်းစဉ်များ၊ စနစ်များကို အကောင်အထည်ဖော်ထားရမည်။ Supplier ကုမ္ပဏီများသည် လုပ်ငန်းခွင်နှင့်ဆိုင်သော ကျန်းမာရေးနှင့် လုံခြုံရေး ဥပဒေများ၊ ဝန်ထမ်းများအတွက် နစ်နာကြေးအာမခံကဲ့သို့ သက်ဆိုင်ရာ အာမခံ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်။

Supplier ကုမ္ပဏီများသည် ၎င်းတို့ဝန်ထမ်းများ၏ ဓာတုပစ္စည်းများ၊ ဇီဝပစ္စည်းများ၊ စွမ်းအင်ရင်းမြစ်များအား ထိတွေ့ကိုင်တွယ်မှုအဆင့်ကို ခွဲခြားအကဲဖြတ်ရမည်ဖြစ်ပြီး ဝန်ထမ်းများအား သက်ဆိုင်ရာ ကာကွယ်ရေးကိရိယာများ ပံ့ပိုးပေးရမည်။

- **ကိုယ်ကာယသုံး အလုပ်များ–** JCDecaux သည် အချို့သော ကိုယ်ကာယသုံး အလုပ်များ– စက်လည်ပတ်မှု ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လေးလံသော အရာဝတ္ထုများ သယ်ပို့ခြင်း၊ အချိန်ကြာမြင့်စွာ မတ်တပ်ရပ်ခြင်း၊ ထပ်ခါတလဲလဲ အလုပ်လုပ်ခြင်းကြောင့် ဝန်ထမ်းများ အန္တရာယ်ကြုံတွေ့မှုနိုင်မှုကို ခွဲခြားအကဲဖြတ်ပေးသော Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

**လုပ်ငန်းခွင် သန့်ရှင်းခြင်း–** Supplier ကုမ္ပဏီများသည် သတ်မှတ်ထားသော သန့်ရှင်းရေး စည်းကမ်းချက်များနှင့်အညီ ၎င်းတို့၏ ဝန်ထမ်းများအတွက် သန့်ရှင်း၍ လေဝင်လေထွက်ကောင်းသော နေရာများ၊ အသုံးပြုနိုင်သော သန့်ရှင်းရေးပစ္စည်းများ၊ ရေသောက်ရန်နှင့် အစားစားရန် နေရာများ ရရှိနိုင်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ Supplier ကုမ္ပဏီများက ပေးထားသည့် နေရာထိုင်ခင်းများနှင့် အဆောင်များသည် သန့်ရှင်းသပ်ရပ်၍ ဘေးကင်းလုံခြုံကာ နေချင်စဖွယ်ဖြစ်ရမည် (ရေပူ၊ အပူပေးစက်၊ လေအေးပေးစက်နှင့် နေရာအလုံအလောက် ရှိရမည်)။

- **ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှုစနစ် အသိအမှတ်ပြုလက်မှတ်–** JCDecaux သည် ဝန်ထမ်းများနှင့် Supplier ကုမ္ပဏီများအကြား အသိပညာပေးမှုကို မြှင့်တင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်နေသည့် အန္တရာယ်များကို အကဲဖြတ်ထိန်းချုပ်ရန်နှင့် ၎င်းတို့အတွက် ကြိုတင်ပြင်ဆင်ရန် ရည်ရွယ်ချက်အတွက် ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှုစနစ် အသိအမှတ်ပြုလက်မှတ် (ISO 45001 သို့မဟုတ် ၎င်းနှင့်တူညီသောလက်မှတ်) ကို ရရှိထားသော Supplier ကုမ္ပဏီများအား ဦးစားပေးသွားပါမည်။

## ဂေဟစနစ် ပြောင်းလဲမှု

Supplier ကုမ္ပဏီများသည် ရည်မှန်းချက်ကြီး၍ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော စီးပွားရေးလမ်းကြောင်းကို သတ်မှတ်အကောင်အထည်ဖော်ရန် ကတိပြုထားသည်။

၎င်းတို့သည် နှစ်စဉ် အကဲဖြတ်သုံးသပ်မှုများ/ စစ်ဆေးမှုများအပြင် CDecaux က ထုတ်ပေးသော တင်ဒါများကို တုံ့ပြန်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် သေချာလုပ်ဆောင်ရမည်။

CO2 ထုတ်လွှတ်မှုများ– 2025၊ 2030 နှင့် 2050 တွင် လုပ်ငန်းဆောင်ရွက်ချက်များ၌ CO2 ထုတ်လွှတ်မှုများကို လျှော့ချရန် မိတ်ဆက်အစီအစဉ်အကြောင်း Supplier ကုမ္ပဏီများအား အသိပေးထားသည်။

- JCDecaux သည် CO2 ထုတ်လွှတ်မှု လျှော့ချရေး မူဝါဒများ ထားရှိသော Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

ပွင့်လင်းမြင်သာမှု– အောက်ပါတို့ကဲ့သို့ အသုံးပြုထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိစေရန် Supplier ကုမ္ပဏီများအား အသိပေးထားသည်–

- ဆက်သွယ်ရေးနည်းပညာများကြောင့် ကာဗွန်ထုတ်လွှတ်မှုပမာဏ
- နည်းပညာ လုပ်ဆောင်ချက်များနှင့် သက်တမ်း၊
- အစားထိုးပစ္စည်း အာမခံများ၊
- ကုန်ကြမ်းပစ္စည်းများ ရှာဖွေခြင်း။
- JCDecaux သည် ပွင့်လင်းမြင်သာမှုနှင့် ဆက်သွယ်ပြောဆိုမှု လုပ်ငန်းစဉ်အတွက် ကတိပြုထားသည့် Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။ ပိုစတာများ ပုံနှိပ်ခြင်း–

Supplier ကုမ္ပဏီများနှင့် စက္ကူထုတ်ကုမ္ပဏီများသည် အောက်ပါ ဦးစားပေး လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန် ကတိပြုရမည်–

- PEFC သို့မဟုတ် FSC အသိအမှတ်ပြု စက္ကူများ (သို့မဟုတ် တူညီသော ဒေသဆိုင်ရာစံနှုန်းမီ)၊
- Reach and GreenGuard စံနှုန်းမီ မင်များကို အသုံးပြုရန်၊
- ISO 14001 (သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု) နှင့် ISO 50001 (စွမ်းအင် စီမံခန့်ခွဲမှု) အသိအမှတ်ပြုလက်မှတ်ရ မင်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် လက်တွဲဆောင်ရွက်ရန်။

## သဘာဝပတ်ဝန်းကျင်

Supplier ကုမ္ပဏီများသည် အနည်းဆုံး သတ်မှတ်ပြဋ္ဌာန်းထားသည့် ဒေသဆိုင်ရာ၊ နိုင်ငံတော် နှင့်/သို့မဟုတ် နိုင်ငံတကာ စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး ၎င်းစည်းမျဉ်းများသည် သဘာဝပန်ဝန်းကျင် ကာကွယ်ရေး လုပ်ဆောင်ချက်အပေါ် သက်ရောက်မှုရှိပါမည်။

ရေ- Supplier ကုမ္ပဏီများသည် အသုံးပြုပြီးရေများကို သဘာဝပတ်ဝန်းကျင်သို့ မစွန့်ထုတ်မီ ၎င်းရေကို စစ်ဆေးခြင်း သို့မဟုတ် ခွင့်ပြုချက်ရ ရေစစ်ဆေးနိုင်သော အပင်များတွင် စစ်ဆေးခြင်း ပြုလုပ်ရမည်။

- JCDecaux သည် ရေသုံးစွဲမှု လျှော့ချရေး မူဝါဒ ထားရှိသော Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

စွန့်ပစ်ပစ္စည်း- Supplier ကုမ္ပဏီများသည် အန္တရာယ်ရှိသော ပစ္စည်းများမှ အန္တရာယ်မရှိသော ပစ္စည်းများအထိ အဆင့်ဆင့်ခွဲထုတ်ပြီး ယင်းစွန့်ပစ်ပစ္စည်းများကို သင့်တော်သည့်အခြေအနေတွင် သိမ်းဆည်းကာ ပြဋ္ဌာန်းထားသည့် ဒေသဆိုင်ရာစည်းမျဉ်းများနှင့်အညီ စွန့်ပစ်ရန် သေချာလုပ်ဆောင်သင့်သည်။

JCDecaux သည် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းပမာဏကို လျှော့ချရန်နှင့် အဆိုပါစွန့်ပစ်ပစ္စည်းများကို အတတ်နိုင်ဆုံး ပြန်လည်ဖန်တီးအသုံးပြုရန် ကတိပြုထားသော Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။

အန္တရာယ်ရှိသော ပစ္စည်းများ- Supplier ကုမ္ပဏီများသည် ၎င်းတို့၏ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသော အရာဝတ္ထုများကို ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်အညီ သင့်တော်သည့်နည်းလမ်းဖြင့် ခွဲခြားရန်၊ မှတ်သားရန်နှင့် စီမံခန့်ခွဲရန် လုပ်ဆောင်ရမည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ ကိုင်တွယ်ခြင်း၊ သယ်ပို့ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ ပြန်လည်ဖန်တီးအသုံးပြုခြင်း၊ ပြန်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းတို့ ဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံမှုရှိစေသည်။

JCDecaux သည် ၎င်း၏ အီလက်ထရောနစ် Supplier ကုမ္ပဏီများအား RoHS နှင့် WEEE ညွှန်ကြားချက်များ၊ JCDecaux အတွက် ထုတ်လုပ်ပေးထားသည့် ကုန်ပစ္စည်းများအတွက် REACH စည်းမျဉ်းများကို လိုက်နာရန် သတ်မှတ်ထားသည်။

JCDecaux သည် ၎င်း၏ Supplier ကုမ္ပဏီများအား သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး၊ သဘာဝရင်းမြစ်များ ထိန်းသိမ်းခြင်း၊ JCDecaux အတွက် ဆောင်ရွက်သော လုပ်ငန်းများ၏ သတ်မှတ်ချက်များအပြင် အခြားလုပ်ငန်းဆောင်ရွက်ချက်များ၏ သတ်မှတ်ချက်အတွင်း ရာသီဥတု ပြောင်းလဲမှုများကို ရင်ဆိုင်ဖြေရှင်းမှုနှင့် စပ်လျဉ်းသည့် ကတိပြုချက်များကို မျှဝေရန် မျှော်လင့်ပါသည်။

- ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှုစနစ် အသိအမှတ်ပြုလက်မှတ်- JCDecaux သည် ဝန်ထမ်းများနှင့် Supplier ကုမ္ပဏီများအကြား အသိပညာပေးမှုကို မြှင့်တင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်နေသည့် အန္တရာယ်များကို အကဲဖြတ်ထိန်းချုပ်ရန်နှင့် ၎င်းတို့အတွက် ကြိုတင်ပြင်ဆင်ရန် ရည်ရွယ်ချက်အတွက် ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှုစနစ် အသိအမှတ်ပြုလက်မှတ် (OHSAS 14001 သို့မဟုတ် ၎င်းနှင့်တူညီသောလက်မှတ်) ကို ရရှိထားသော Supplier ကုမ္ပဏီများအား ဦးစားပေးသွားပါမည်။
- လေထုထဲ ဓာတ်ငွေ့ထုတ်လွှတ်မှုများ- JCDecaux သည် ဖန်လုံအိမ် ဓာတ်ငွေ့၊ ဆူညံသံများ၊ ဖုန်မှုန့်နှင့် အငွေ့ပြန်လွယ်သော ဓာတုပစ္စည်း အမှုန်များ ထုတ်လွှတ်ခြင်းကို ထိန်းချုပ်ရန်နှင့် လျှော့ချရန် မူဝါဒ ထားရှိသော Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။
- သဘာဝရင်းမြစ်များ ထိန်းသိမ်းခြင်း- JCDecaux သည် သဘာဝရင်းမြစ်များကို ထိန်းသိမ်းရန် စွမ်းအင်သုံးစွဲမှုနှင့် ကုန်ကြမ်းပစ္စည်းများသုံးစွဲမှု လျှော့ချရေး မူဝါဒ ထားရှိသော Supplier ကုမ္ပဏီများအား ဦးစားပေးမည်ဖြစ်သည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများ/ဆန်းသစ်တီထွင်မှုများ- အတူတကွတန်ဖိုးမြှင့်တင်ခြင်း နည်းလမ်းတစ်ခုဆီသို့ ဦးတည်လျှောက်လှမ်းရန် ရည်ရွယ်၍ JCDecaux သည် ၎င်းက တောင်းဆိုထားသည့် သတ်မှတ်ချက်များအတွင်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုနည်းစေသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ကမ်းလှမ်းသည့် Supplier ကုမ္ပဏီများနှင့် သဘာဝပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်ချက်များ အကောင်အထည်ဖော်မှုများကို ဦးစားပေးမည်ဖြစ်သည်။



# IV ကျင့်သုံးဆောင်ရွက်ခြင်း၊ ဖြန့်ချိခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

## ကျင့်သုံးဆောင်ရွက်ခြင်းနှင့် ဖြန့်ချိခြင်း လုပ်ငန်းစဉ်များ

ကျင့်ဝတ်စည်းမျဉ်းကို လက်မှတ်ထိုးခြင်းဖြင့် Supplier ကုမ္ပဏီများသည် ၎င်း၏ စည်းကမ်းချက်များကို လက်ခံသဘောတူပြီး JCDecaux ၏ အနိမ့်ဆုံး သတ်မှတ်ချက်များကို တစ်သဝေမတိမ်း လိုက်နာရန် JCDecaux ကုမ္ပဏီအုပ်စုအား ကတိပြုရာရောက်ပါသည်။

ဒေသဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများ လိုအပ်သည့်နေရာများတွင် သတ်မှတ်ထားသည့် တရားဝင်ပြဋ္ဌာန်းချက်များကို မချိုးဖောက်လျှင် ကျင့်ဝတ်စည်းမျဉ်း၏ အခြေခံမူများကို အသုံးပြုပါမည်။

JCDecaux သည် ၎င်း၏ Supplier ကုမ္ပဏီများအား (i) ၎င်းတို့၏ ပစ္စည်းသွင်းသူများ၊ ဝန်ဆောင်မှုပံ့ပိုးရေးကုမ္ပဏီများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအား ဤကျင့်ဝတ်စည်းမျဉ်း အခြေခံမူများကို အသိပေးရန်၊ (ii) ၎င်းတို့ကိုယ်တိုင်လည်း ဤအခြေခံမူများကို လိုက်နာရန်နှင့် ၎င်းတို့အသုံးပြုသည့် ပစ္စည်းသွင်းသူများ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာများက ဤတူညီသော တာဝန်ဝတ္တရားများကို လိုက်နာပြီး ၎င်းတို့လုပ်ငန်းဆောင်ရွက်သည့် တရားစီရင်ခွင့်နယ်မြေများရှိ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ရန် မျှော်လင့်ထားပါသည်။

## စိစစ်အတည်ပြုခြင်းနှင့် အကဲဖြတ်ခြင်း

JCDecaux သည် ၎င်း၏ Supplier ကုမ္ပဏီများက ဤကျင့်ဝတ်မူဝါဒရှိ သတ်မှတ်ချက်များကို လေးစားလိုက်နာမှုရှိ၊ မရှိ စစ်ဆေးအတည်ပြုခွင့် ရှိသည်။ နောက်ပိုင်းတွင် ဤကျင့်ဝတ်မူဝါဒ၏ အခြေခံမူများကို စိစစ်အတည်ပြုရန်နှင့် အကဲဖြတ်ရန် လိုအပ်သော အချက်အလက်များ၊ အထူးသဖြင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ ပံ့ပိုးပေးရမည်။


ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ JCDecaux သည် ၎င်း၏ Supplier ကုမ္ပဏီများအတွက် အဆင့်နှစ်ဆင့် အကဲဖြတ်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ထားသည်–

1. JCDecaux သည် Supplier ကုမ္ပဏီများ၏ ကျင့်ဝတ်စည်းမျဉ်း လိုက်နာမှုအဆင့်အပြင် ၎င်းတို့၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ယေဘုယျစွမ်းဆောင်ရည်ကို တိုင်းတာရန် ၎င်းတို့အား လုပ်ငန်းပိုင်းဆိုင်ရာ အကဲဖြတ်မှု ဆောင်ရွက်ပါသည်။
2. ကျင့်ဝတ်စည်းမျဉ်းတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အခြေခံမူများကို လေးစားလိုက်နာစေရန်အလို့ငှာ JCDecaux သို့မဟုတ် JCDecaux က ခန့်အပ်ထားသော ပြင်ပအဖွဲ့အစည်းက Supplier ကုမ္ပဏီများအား စစ်ဆေးမှု ဆောင်ရွက်နိုင်သည်။

ဤလုပ်ငန်းစဉ်သည် ကုမ္ပဏီအုပ်စု၏ ကမ္ဘာလုံးဆိုင်ရာ ဝယ်ယူမှုနည်းလမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး JCDecaux က ဆောင်ရွက်သည့် Supplier ကုမ္ပဏီများအား လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကဲဖြတ်မှုများနှင့် စစ်ဆေးမှုများ (ကုန်ကျစရိတ်၊ အရည်အသွေး၊ ထုံးပါဝင်မှု) တွင် ၎င်းကို ထည့်သွင်းပေါင်းစပ်ထားသည်။

လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် အခြေအနေများက ဤကျင့်ဝတ်စည်းမျဉ်းကို ချိုးဖောက်လျှင်ဖြစ်စေ၊ Supplier ကုမ္ပဏီက ဤကျင့်ဝတ်စည်းမျဉ်း လိုက်နာမှုကို မြှင့်တင်ရန် ငြင်းဆိုလျှင်ဖြစ်စေ၊ လိုက်နာမှုကို မြှင့်တင်ရန် လိုအပ်သည့် ကြိုးစားအားထုတ်မှုမရှိလျှင်ဖြစ်စေ၊ JCDecaux သည် ၎င်း၏ အထွေထွေ ဝယ်ယူမှု စည်းကမ်းချက်နှင့် သတ်မှတ်ချက်များ၏ ပိုဒ်ခွဲ 23 အရ အဆိုပါ Supplier ကုမ္ပဏီနှင့် ချုပ်ဆိုထားသော စာချုပ်များအားလုံးကို ရပ်စဲပိုင်ခွင့်ရှိသည်။







JCDecaux



# JCDecaux ၏ Supplier ကုမ္ပဏီများအတွက် ကျင့်ဝတ်စည်းမျဉ်း

2022 ခုနှစ် ထုတ်ဝေမှု

ဤစာရွက်စာတမ်းကို လက်မှတ်ထိုး ၍ ပြန်အပ်ခြင်းဖြင့် Supplier ကုမ္ပဏီသည် JCDecaux ၏ Supplier ကုမ္ပဏီများအတွက် ကျင့်ဝတ်စည်းမျဉ်းတွင် ဖော်ပြထားသည့် အခြေခံမူများအားလုံးကို သိရှိနားလည်ပြီး ၎င်းတို့ကို အလေးထားရန် ကတိပြုလိုက်ခြင်းဖြစ်သည်။

ကုမ္ပဏီ၏ အမည်နှင့် လိပ်စာ-

\-----------------------------------------------------------------------------------------------

\-----------------------------------------------------------------------------------------------

\----------------------------------------------------------------------------

\-----------------------------------------------------------------------------------------------

လက်မှတ်ထိုးသူ၏ အမည်-

\-----------------------------------------------------------------------------------------------

\--------------------------------------

\-----------------------------------------------------------------------------------------------

ရာထူး-

\-----------------------------------------------------------------------------------------------

\--------------------------------------

ရက်စွဲ- ကုမ္ပဏီ တံဆိပ်တုံး-

လက်မှတ်-

JCDecaux